## ရည်ရွယ်ချက်

★ စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း၊ ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချသည့်လုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာလုပ်ငန်းနှင့် လက်ကိုင်ဖုန်း ဆက်စပ်ပစ္စည်းများ ရောင်းချ/ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေ/ ရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာထုတ်ပေးခြင်း လုပ်ငန်းစဉ်အား ရှင်းလင်းစွာသိရှိနိုင်ရန်ဖြစ်ပါသည်။

## ကျသင့်ကုန်သွယ်လုပ်ငန်းခွန်

★ ရောင်းရငွေ/ ရငွေနှင့်အတူ လုပ်ငန်းအမျိုးအစားအလိုက် ကောက်ခံရမည့် ကုန်သွယ်လုပ်ငန်းခွန် နှုန်းထားများမှာ အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

- ❖ စားသောက်ဆိုင်လုပ်ငန်းမှ ရောင်းရငွေအပေါ်တွင် ➡ ၅%
- ❖ ရုပ်သံလွှင့်မီဒီယာလုပ်ငန်းမှ ရငွေအပေါ်တွင် ➡ ၅%
- ❖ လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများ ရောင်းချ/ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းမှ ရောင်းရငွေ/ ရငွေအပေါ်တွင် ➡ ၅%
- ❖ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းမှ ရငွေအပေါ်တွင် ➡ ၃%
- ❖ ရွှေထည်လက်ဝတ်ရတနာရောင်းချသည့်လုပ်ငန်း (၁-၄-၂၀၂၄ မှ ၃၀-၉-၂၀၂၄ ထိ) ရောင်းရငွေအပေါ်တွင် ➡ ၁%
  - ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများရောင်းချသည့် လုပ်ငန်း (၁-၁၀-၂၀၂၄ မှ ၃၁-၃-၂၀၂၅ ထိ) ရောင်းရငွေအပေါ်တွင် ➡ ၃%

## လုပ်ငန်းရှင်၏တာဝန်များ

★ လုပ်ငန်းရှင်များအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- ❖ အခွန်ထမ်းမှတ်ပုံတင်ခွင့်ပြုရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်ခြင်းကို လုပ်ငန်းမစတင်မီတစ်လ သို့မဟုတ် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီတစ်လ ကြိုတင်၍လျှောက်ထားခြင်း၊
- ❖ ပြေစာများတွင်ကပ်နှိပ်နိုင်ရန် အခွန်အမှတ်တံဆိပ်များအား သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူထားခြင်း၊
- ❖ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်စည်ကိုဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ တစ်ပါတည်း ကောက်ခံ၍ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်း၊
- ❖ လစဉ်အခွန်ပေးဆောင်ခြင်း (ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်းပေးဆောင်ခြင်း)၊



- ❖ သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး နောက်တစ်လအတွင်းပေးပို့ရန်နှင့် နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး သုံးလအတွင်းပေးပို့ရန်။

## အခွန်အမှတ်တံဆိပ်သတ်မှတ်ချက်

★ လုပ်ငန်းအမျိုးအစားအလိုက် အသုံးပြုရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများကို ခွဲခြားသတ်မှတ်ထားပါသည်။


★ စားသောက်ဆိုင်လုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာလုပ်ငန်း၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများ၏ ပြေစာများအပေါ်တွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပမာဏအလိုက် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများမှာ အောက်ပါအတိုင်း အမျိုးအစား (၇) မျိုး သတ်မှတ်ထားပြီး ကျပ် ၅၀၀၀ တန်နှင့် ကျပ် ၁၀၀၀၀ တန်မှအပ ကျန်အခွန်အမှတ်တံဆိပ်များတွင် QR Code စနစ် ပါရှိပါသည်-

- ❖ 50 Ks
- ❖ 200 Ks
- ❖ 1000 Ks
- ❖ 10000 Ks
- ❖ 100 Ks
- ❖ 500 Ks
- ❖ 5000 Ks




★ လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများ ရောင်းချခြင်းအပေါ် ပြေစာတွင် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်များမှာ QR Code စနစ် ပါရှိပြီး အောက်ပါအတိုင်း အမျိုးအစား (၇) မျိုး သတ်မှတ်ထားပါသည်-

- ❖ 50 Ks
- ❖ 200 Ks
- ❖ 1000 Ks
- ❖ 10000 Ks
- ❖ 100 Ks
- ❖ 500 Ks
- ❖ 5000 Ks




★ ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများရောင်းချသည့်လုပ်ငန်း၏ ပြေစာများအပေါ် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများတွင် QR Code စနစ်မပါရှိဘဲ အောက်ပါအတိုင်း (၆)မျိုး သတ်မှတ်ထားပါသည်-

- ❖ J-1(100Ks)
- ❖ J-3(500Ks)
- ❖ J-5(5000Ks)
- ❖ J-2(200Ks)
- ❖ J-4(1000Ks)
- ❖ J-6(10000Ks)






## အခွန်အမှတ်တံဆိပ်မှာကြားခြင်းနှင့် ထုတ်ယူခြင်း

★ လုပ်ငန်းရှင်များအနေဖြင့် အခွန်အမှတ်တံဆိပ်မှာကြားရာတွင် သုံးလပတ်အတွင်း ရရှိမည့် ရောင်းရငွေ/ ရငွေအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခန့်မှန်းလျက် လိုအပ်မည့် အခွန်အမှတ်တံဆိပ်အမျိုးအစားနှင့် အရေအတွက်အား အခွန်စည်းကြပ်ခံယူလျက်ရှိသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် လျှောက်ထားမှာကြားခြင်း။

★ ပထမဆုံးအကြိမ်ထုတ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ပေးသွင်းရန်မလိုအပ်ဘဲ ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များ လာရောက်ထုတ်ယူသည့်အခါ ပထမအကြိမ်က ထုတ်ယူခဲ့သည့် အခွန်အမှတ်တံဆိပ်များအနက် အသုံးပြုပြီး အခွန်အမှတ်တံဆိပ်များအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းခဲ့သည့် ချလန်များတင်ပြရန် လိုအပ်ခြင်း။

★ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်အား အခွန်ခုနှိမ်ပေးသွင်းခြင်းဖြစ်ပါက ခုနှိမ်ခွင့်နှင့်သက်ဆိုင်သည့်ပုံစံများ တင်ပြရန်လိုအပ်ခြင်း။

## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရာတွင် လိုက်နာရမည့်အချက်များ

★ ပြေစာများအပေါ် ရှင်းလင်းမြင်သာသောနေရာ၌ အခွန်အမှတ်တံဆိပ်များကို စွဲမြဲစွာကပ်နှိပ်ရမည်ဖြစ်ပြီး တန်ဖိုးနည်းအခွန်အမှတ်တံဆိပ် အရေအတွက် များပြားစွာကပ်နှိပ်ခြင်းမပြုရန်။

★ QR Code ဖတ်၍မရစေရန် အခွန်အမှတ်တံဆိပ်များ တစ်ခုနှင့်တစ်ခု ထပ်၍စုပြုံကပ်နှိပ်ခြင်းမပြုရန်။

★ QR Code ပါရှိသော အခွန်အမှတ်တံဆိပ်အပေါ်တွင် QR Code မပါရှိသော အခွန်အမှတ်တံဆိပ်အား အုပ်၍ကပ်နှိပ်ခြင်းမပြုရန်။

★ အခွန်အမှတ်တံဆိပ်များအပေါ်တွင် ဆိုင်အမှတ်အသားတံဆိပ်ကို ထပ်၍ပုံနှိပ်ခြင်းမပြုရန်။

★ မှင်လုံးကြီးသည့် marker pen/ colour pen များဖြင့် ပယ်ဖျက်ခြင်းမပြုရန်။

★ ကျသင့်အခွန်နှင့် အနီးစပ်ဆုံးတန်ဖိုးနှင့်တူညီသည့် တန်ဖိုးကြီးအခွန်အမှတ်တံဆိပ်များ ရွေးချယ်၍ စွဲမြဲစွာကပ်နှိပ်ရန်။

★ အခွန်အမှတ်တံဆိပ်များ၏ အနိမ့်ဆုံးတန်ဖိုးမပြည့်သော ကျသင့်အခွန်ငွေအစွန်းထွက်များကို အပြီးသတ်စည်းကြပ်မှုတွင် ထည့်သွင်းပေးဆောင်ရမည်။

## ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များ

★ လုပ်ငန်းရှင်များအနေဖြင့် အောက်ပါပျက်ကွက်မှုများအပေါ် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်းခံရမည်ဖြစ်ပါသည်-

- ❖ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊
- ❖ ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်း၊

★ သတ်မှတ်ချက်များနှင့်အညီ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်-

- ❖ ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊
- ❖ ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊
- ❖ တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊
- ❖ တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၆၀ သိန်း။

★ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ခြင်းအတွက် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း တိုင်ကြားလာသည့် ပြေစာအရေအတွက်အပေါ်အခြေပြု၍ ပျက်ကွက်မှုအကြိမ်ကို သတ်မှတ်ရမည်ဖြစ်ပါသည်။

## သတင်းပေးတိုင်ကြားခြင်း

★ ပြည်သူများအနေဖြင့် အထက်ပါပျက်ကွက်ခြင်းများအတွက် သတင်းပေးတိုင်ကြားရာတွင် လုပ်ငန်းရှင်မှ အမှန်တကယ်ပျက်ကွက်ခြင်းဖြစ်ကြောင်း ပြေစာအထောက်အထားဖြင့်ဖြစ်စေ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်ဖြင့်ဖြစ်စေ အထောက်အထားခိုင်လုံစွာဖြင့် တိုင်ကြားရန် လိုအပ်ပါသည်။

★ သတင်းပေးတိုင်ကြားခြင်းကို လုပ်ငန်းတည်ရှိရာနေရာ အခွန်ရုံးများတွင်သာမက မည်သည့်အခွန်ရုံးတွင်မဆို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

★ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုပါ။

## ဆုကြေးငွေချီးမြှင့်ခြင်း

★ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် အထက်ပါပျက်ကွက်မှုများအတွက် သတင်းပေးတင်ပြသူက အထောက်အထားဖြင့် တင်ပြလာခြင်းဖြစ်ပါက



သတင်းပေးတင်ပြသူအားလည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက မြို့နယ်အခွန်ဦးစီးဌာနမှူးအားလည်းကောင်း တပ်ရိုက်သည့် ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်မည်ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

★ လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံကြီးသားပီသစွာဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

★ စားသုံးသူပြည်သူများသည်လည်း လုပ်ငန်းရှင်များထံမှ ပြေစာတောင်းယူခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်အခများကို လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ရောက်ရှိရေး ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

★ နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်များကို လွတ်ကင်းမှုမရှိစေရန် ပူးပေါင်းဆောင်ရွက်ပေးကြပါသော ပြည်သူများနှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချ/ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအား ကျေးဇူးအထူးတင်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်-၁၂၈/ ၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ




၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

Internal Revenue Department

Office Building No.(46), Nay Pyi Taw

https://www.ird.gov.mm

"Tax by the Law, Service by our Heart"